# ဗမာပြည်ကွန်မြူနစ်ပါတီမှ ရဲဘော်ဟောင်းမိတ်ဆွေဟောင်းများသို့ အိတ်ဖွင့်အကြံပေးစာ
## (၂၀၀၆ ခုနှစ်၊ ဇန်နဝါရီလ၊ ၄ ရက်)

(၁) ဒီစာဟာ အကြံပေးစာဖြစ်တယ်။ ကြိုက်ရင်ယူ မကြိုက်ရင် ပယ်ပါ။ ပါတီက ဘာထင်မြင်ချက်မှရှိမှာ မဟုတ်ပါ။ ဒီတခါမှားရင် သင်တို့ ဘယ်တော့မှ နာလန်ထူတော့မှာ မဟုတ်လို့ တော်လှန်ရေးသံယောဇဉ်နဲ့ အကြံပေးလိုက်တာ ဖြစ်ပါတယ်။

(၂) အခြေအနေသိပ်တင်းမာတယ်။ စစ်အစိုးရနဲ့ ဆက်ဆံရေးဟာ ခါတိုင်းနဲ့ မတူဘူးဆိုတာ သင်တို့လည်း သိပါတယ်။ အကယ်ချဲ့မရေးတော့ပါ။ အခုရေးမှာက သင်တို့ကို တိုင်းမှူးတွေကိုယ်တိုင်လိုက်ပြီး မေးနေတဲ့မေးခွန်း "နိုင်ငံတော်တခုမှ စစ်တပ် (တပ်မတော်) တခုပဲ ရှိရမယ်ဆိုတာကို လက်ခံ မခံ" ဆိုတဲ့မေးခွန်းနဲ့ ပတ်သက်ပြီး ပါတီရဲ့အမြင်ကို ရေးချင်တာပါ။

ပါတီရဲ့အတိုဆုံး အဖြေကတော့ 'ပုံမှန်နိုင်ငံတော်တခုမှာ ပုံမှန်တပ်မတော်တခု ရှိရမယ်' ဆိုတဲ့အဖြေပါပဲ။ ဒီမှာဆက်ပြီး မေးရမှာက – ဗမာပြည်ဟာ ပုံမှန်နိုင်ငံတော် ဖြစ်နေပြီလား။

– ဗမာပြည်ကတပ်မတော်ကလဲ ပုံမှန်တပ်မတော် ဟုတ်ရဲ့လား ဆိုတာပါပဲ။

(၃) ကိုယ့်မေးခွန်းကို ကိုယ့်ဘာသာဖြေပါ့မယ်။ ပြည်တွင်းစစ် ဖြစ်နေတဲ့နိုင်ငံ၊ စစ်တပ်အာဏာသိမ်းထားတဲ့၊ အခြေခံဥပဒေမရှိတဲ့၊ မာရှယ်လောနိုင်ငံကို ပုံမှန်နိုင်ငံတော်လို့ မပြောနိုင်ဘူး။

တပ်မတော်ကကော ပုံမှန်ဟုတ်ရဲ့လားဆိုတာကတော့ တခြားမကြည့်နဲ့ အောက်ပါအချက်တွေပဲ ကြည့်ပါ။

(က) စစ်ခေါင်းဆောင်တွေ – ဗိုလ်ချုပ်တွေချည်းပါတဲ့ 'ကောင်စီတွေ' ဘယ်နှခါ ဖွဲ့ပြီးပြီလဲ။ တော်လှန်ရေးကောင်စီကပဲ စတွက်ပါ။ စစ်တပ်ပါတီ မဆလ ပါတီရဲ့ အလုပ်အမှုဆောင်အဖွဲ့ကို ဖယ်ထားပါဦး။ (၃) ခု ရှိပြီ။ အဲဒါ ပုံမှန်လား။

(ခ) ပင်စင်ယူ အငြိမ်းစားယူချိန်ကျပြီး မယူတဲ့ ဗိုလ်ချုပ်ကြီးတွေ ဘယ်လောက်ရှိသလဲ။ အဲဒါ ပုံမှန်လား။

(ဂ) NGO လိုလို ပါတီလိုလို ကြံ့/ဖွံ့ အဖွဲ့မှာ ဗိုလ်ချုပ်တွေ ဘယ်လောက်များများ ပါနေလဲ။ အဲဒါ ပုံမှန်လား။

(ဃ) အုပ်ချုပ်ရေးဘက်၊ သံတမန်လောကမှာ စစ်ဗိုလ်ကြီးတွေ ဘယ်လောက် ရောက်နေသလဲ။ ဒီစာရင်းကိုတော့ သန်းရွှေတို့လည်း သိမှမဟုတ်ဘူး။ အတော်ကို စူးစမ်းလေ့လာပြီး စာရင်းပြုစုရမှာပဲ ထင်တယ်။ အဲဒါ ပုံမှန်လား။

(င) စစ်တပ်က အာဏာဘယ်နှခါ သိမ်းပြီးပြီလဲ။ အိမ်စောင့်က စတွက်ရင် (၃) ခါ ရှိပြီ။ အဲဒါ ပုံမှန်လား။

(စ) အခြေခံဥပဒေ ဘယ်နှခါ အဖျက်ခံရပြီလဲ။ ၂ ခါ ရှိပြီ။ အဲဒါ ပုံမှန်လား။'ညောင် ၂ ပင်' ပြီးလို့ လမ်းပြမြေပုံအရ ပေါ်လာတဲ့ 'အခြေခံဥပဒေ' ကကော စစ်အာဏာသိမ်းအဖွဲ့က မဖျက်ဘူးလို့ အာမခံနိုင်သလား။

ဗကပ အဖြေက 'ပုံမှန် နိုင်ငံတော်ရှိပြီး ပုံမှန်တပ်မတော်ရှိလာတဲ့တနေ့မှာ တိုင်းပြည်တပြည် စနစ်တခု တပ်တတပ် ရှိရမယ်' ဆိုတာပဲ ဖြစ်တယ်။

- 'ပုံမှန်နိုင်ငံတော်' ဖြစ်လာဖို့ ပန္နက်ချရာမှာ အားလုံး ပါရမယ်။ သင်တို့လည်း ပါရမယ်။ (သင်တို့လေ့လာဖို့ ၂၀၀၄ ခုနှစ် အောက်တိုဘာကထုတ်တဲ့ ပန်ကြားချက်ကို ပူးတွဲပေးလိုက်တယ်။)

(၄) 'သန်းရွှေအတွင်းစည်းဝိုင်း' က ပြည်တွင်းစစ်ဖန်တီးဖို့နဲ့တိုက်ဖို့ ပျဉ်းမနားပြောင်းလာတာ ဖြစ်တယ်။ ဒါဟာ အသစ်ဖြစ်ပေါ်မှုပဲ။ ၂၀၀၄ ခုနှစ်က ဒီအခြေအနေ မဟုတ်ဘူး။ အကြံပေးချင်တာက 'ကိုယ့်ကိုယ်ကိုယ် ကာကွယ်ဖို့ အသင့်ပြင်၊ စိတ်ကူးယဉ်မနေနဲ့' ဆိုတာပဲ။

(၅) သန်းရွှေအတွင်းစည်းဝိုင်းဦးစီးတဲ့ စစ်တပ်ကို အထင်မကြီးပါနဲ့။ အခုတလောကလေးမှာ ဖြစ်သွားတဲ့ SURA တပ်ဖွဲ့ကလေးကို သူတို့ဘယ်လို တိုက်ခဲ့ရသလဲဆိုတာပဲ ကြည့်ပါ။ ဆယ်ဂဏန်းပဲရှိတဲ့ တပ်ကလေးကို ထောင်ဂဏန်းရှိတဲ့ တပ်ကြီးတွေက ခေတ်မီသယ်ယူပို့ဆောင်ရေးတွေသုံးပြီး စစ်ဆင်လိုက်တာ ခရီးပန်းရိက္ခာပြတ်မှပဲ ဝိုင်းပိတ်မိတော့တယ်။ ဒါတောင် ရွှေလီမြစ် ခံနေလို့ပဲ။ မခံရင် လွတ်သွားနိုင်တယ်။ အခြေခံဒေသမရှိဘဲ လှည့်လည်နေတဲ့ တပ်ကလေး တတပ်ကိုတောင် သူတို့မချေမှုန်းနိုင်ရင် အခြေခံဒေသရှိတဲ့ လူထုအခြေခံရှိတဲ့ သင်တို့ကို ဘယ်ရန်သူမျိုးကမှ မချေမှုန်းနိုင်ပါဘူး။ သင်တို့က စမတိုက်ပါနဲ့။ စပြီး တိုက်လာရင် ပြတ်ပြတ်သားသားခုခံပါ။ အခြေခံဒေသကို လူထုကို မိမိတပ်ကို ကာကွယ်ပါ။

(၆) 'ဗကပ' ကို ဦးတည်ရန်သူအဖြစ် သတ်မှတ်တုန်းက လုပ်ခဲ့တဲ့ 'ပိုနေမြဲ ကျားနေမြဲ' ဖြေရှင်းနည်းကို 'သန်းရွှေစစ်အုပ်စု' က ဖျက်ချင်နေပြီ။ NLD ကို 'အပြတ်ချ' တာနဲ့ရောပြီး သင်တို့ကို 'အပြုတ်တိုက်' ချင်နေတယ်။ ပျော့ညံ့ညံ့လုပ်နေရင်၊ စိတ်ကူးယဉ်နေရင် ခံရလိမ့်မယ်။

နဂိုကတည်းက ပျော့ညံ့ညံ့အင်အားစုတွေကို အကျပ်ကိုင်လို့ရသလို သင်တို့ကိုလုပ်လို့ မရဘူးဆိုတာ သန်းရွှေတို့ သိပါတယ်။ ဒါကြောင့် 'နိုင်ငံတခုမှာ စစ်တပ်တခုပဲရှိရေး' နဲ့ သွေးတိုးစမ်းနေတာ ဖြစ်တယ်။ သင်တို့ကို ချက်ချင်းအကျပ်ကိုင်မယ် မထင်ပါဘူး။ ဒါပေမဲ့ တနေ့မှာ 'NLD ပြဿနာ' မီးသေပြီထင်ရင် အကျပ်ကိုင်လိမ့်မယ်။

သင်တို့စဉ်းစားရမှာက နိုင်ငံရေးအရ ဆွေးနွေးအဖြေရှာဖို့ ဖြစ်တယ်။ သင်တို့ရဲ့စစ်တပ်ကို ပုလိပ် (ရဲ) အဖွဲ့ အဖြစ် ဘယ်လိုပြောင်းမလဲဆိုတာ စဉ်းစားဖို့ မဟုတ်ဘူး။ ဒါပါပဲ။ ။

# ဗမာပြည်ကွန်မြူနစ်ပါတီတွင်းရှိ **BIA. BDA. PBF** တပ်မတော်သားဟောင်းများ၏ လက်ရှိတပ်မတော်သားများသို့ ပန်ကြားချက်
## (၂၉-၁၀-၂၀၀၄)

၁။ တပ်မတော်အတွက်သာမက တိုင်းပြည်အတွက်ပါ အန္တရာယ်ကို မြင်နေ၍ ဤပန်ကြားချက်ကို ထုတ်ပြန်ပါသည်။

'သားရွှေအိုးထမ်းလမ်းစဉ်'ကို ကျွန်ုပ်တို့တင်ပြခဲ့စဉ်က အကောင်းမြင်ဝါဒဖြင့် တင်ပြခဲ့ခြင်း ဖြစ်ပါသည်။ သို့သော် ဗိုလ်သန်းရွှေတို့ နားမဝင်ခဲ့ပါ။

ကျွန်ုပ်တို့၏ နောက်ဆုံးပန်ကြားချက်ကို 'ဒီပဲယင်း အရေးအခင်း' ဖြစ်ပြီးနောက် ထုတ်ပြန်ခဲ့သည်။ 'ရင်ကြားစေ့ရေး' ကနေ 'ရင်ကြား ဓားထောက်ရေး' သို့ ကူးနေပြီ။ သမိုင်းအမဲစက် ဖျက်မရအောင်လုပ်နေတာကို ဗိုလ်သန်းရွှေနှင့် အပေါင်းပါများအား မလုပ်စေချင်ပါ။ အပ်နဲ့ထွင်ရမယ့်ကိစ္စ ပုဆိန်ဖြင့် မပေါက်ပါရစေနှင့်ဟု တင်ပြခဲ့ပါသည်။

အခုတော့ စစ်အုပ်စုထိပ်သီးချင်း 'ရင်ကြားဓားထောက်ရေး' သို့ပါ ကူးစက်သွားခဲ့ပြီ။ ဗိုလ်ခင်ညွန့် အရာကျပြီး ဒုက္ခတွေ့သွားတာကို ကျွန်ုပ်တို့ ဝမ်းမသာနိုင်ပါ။ မည်မျှပင် အကျိတ်အခဲတွေ ရှိခဲ့ပါစေ၊ တိုင်းပြည်နဲ့တပ်မတော်အကျိုးစီးပွားကို အန္တရာယ်ဖြစ်စေတော့မည့် အရေးဖြစ်၍ ဝမ်းမသာနိုင်ကြပါ။

၂။ လွတ်လပ်ရေးရချင်လျှင် တပ်မတော်ရှိမှ ဖြစ်မည်ဆိုပြီး (ကျွန်ုပ်တို့အားလုံး) လွန်ခဲ့သည့် နှစ် ၆၀ ကျော်က လုပ်ခဲ့ကြပါသည်။ အဆိုးဆုံးအခြေအနေထဲကနေ အကောင်းဆုံးဖြစ်အောင် လုပ်ခဲ့ရခြင်း ဖြစ်ပါသည်။ ကိုယ့်ကြမ္မာ ကိုယ်မဖန်တီးနိုင်သည့် ကိုလိုနီဘဝဖြစ်၍ စစ်ကြီးအတွင်း ဗမာပြည် ပါသင့်မပါသင့် စဉ်းစားနိုင်ခဲ့တာ မဟုတ်ပါ။ 'သခင်သွားရာ ကျွန်ပါ' စစ်ကြီးထဲ ဗမာပြည် ဆွဲအသွင်းခံရတာ ဖြစ်ပါသည်။ အရှေ့တောင်အာရှတွင်း ဗမာပြည်လောက် စစ်နင်းခြင်း ခံရသည့်တိုင်းပြည် မရှိပါ။ တပြည်လုံး မီးလောင်ပြင် ဖြစ်ခဲ့ရသည်။ ပြည်သူတွေ သွေးချောင်းစီးခဲ့ရသည်။

ထိုအဆိုးဆုံးထဲမှ အကောင်းဆုံးဖြစ်အောင် ကျွန်ုပ်တို့ အမြော်အမြင်ရှိရှိ လုပ်ခဲ့ရသည်။ တပ်မတော်တခုအပြင် အမျိုးသားညီညွတ်ရေးတပ်ပေါင်းစု (ဖဆပလ အဖွဲ့ချုပ်) ပါ ကျွန်ုပ်တို့ ရရှိခဲ့သည်။ ထို ၂ ခု ရှိ၍သာ လွတ်လပ်ရေး ရရှိခဲ့ခြင်း ဖြစ်ပါသည်။

၃။ မျက်မှောက်ကမ္ဘာ့အခြေအနေမှာ ကောင်းလှသည် မဟုတ်ပါ။ သင်တို့သိပြီးဖြစ်၍ အကျယ်မချဲ့တော့ပါ။ သန်းရွှေနှင့် အပေါင်းပါများ၏ အမြော်အမြင်မဲ့မှုကြောင့် သင်တို့တွင် ရန်သူအသစ် (ဗိုလ်ခင်ညွန့်ဂိုဏ်း) တိုးပွားလာနေပြီ။ ကြာလျှင် ထပ်ပြီး 'ရန်သူသစ်' တွေ တိုးပွားလာမှာကို မြင်ယောင်နေမိသည်။ သင်တို့ အနိုင်တိုက်နိုင်ပါမည်လော။ ၁၉၄၈ က ရန်သူကို သင်တို့တိုက်ရဦးမည်။ ၁၉၄၉ က ရန်သူလဲ တိုက်ရဦးမည်။ ရန်သူက လျော့သွားတာ မရှိ၊ တိုးလို့သာ လာသည်။ 'ငြိမ်းအဖွဲ့' တွေဆိုတာ အားလုံးလောက်က (မွန်ပြည်သစ်၊ ပအိုဝ်းတို့ကလွဲလျှင်) ၁၉၆၀ နှစ်တွေကမှ ပေါ်လာတာ ဖြစ်သည်။ ('ငြိမ်း' တွေက ဘယ်လောက်ကြာကြာ 'ငြိမ်' မလဲ) ၁၉၈၀ နှစ်တွေကျတော့ ဒီမိုကရေစီအရေးတော်ပုံ တပ်သားတွေကို ရန်လုပ်ရသည်။ ၁၉၉၀ ခုနှစ်ကျတော့ NLD နှင့် မဟာမိတ်များကို ရန်လုပ်ရသည်။ ယခုတော့ ဗိုလ်ခင်ညွန့်ဂိုဏ်းကိုပါ ရန်လုပ်နေရပြီ။

ဒါတွေက ပြည်တွင်းက သင်တို့ရဲ့ရန်သူများ ဖြစ်သည်။ ပြည်ပနိုင်ငံများနဲ့လည်း တချိန်မဟုတ်တချိန် ရန်လုပ်ခဲ့ရတာ များပြီ။ အခုတော့ အမေရိကန်ကို ကြောက်နေရပြန်ပြီ မဟုတ်လော။ 'တပ်ဖျောက်ပြီး တိုက်မည်' ဆိုတာကို သင်တို့ တကယ်ပဲ ယုံကြည်သလော။ တပ်မဖျောက်ရဘဲ တပ်ပျောက်ကြီး ဖြစ်မှာကို လူတိုင်း သိပါသည်။

ယခု လူတွင်ကျယ် လုပ်လာသော ရွှေမန်း၊ စိုးဝင်း၊ သိန်းစိန်တို့၏ စစ်ရေးစွမ်းရည်ကို သင်တို့က ပိုသိပါလိမ့်မည်။ သူတို့၏ နိုင်ငံရေးစွမ်းရည်ကကော ဘယ်လောက်ရှိပါသလဲ။ လက်နက်မဲ့ လူထုကို အနိုင်ကျင့်ခြင်းကို စွမ်းရည်ဟု ကျွန်ုပ်တို့ မယူဆပါ။

အိမ်နီးချင်းတိုင်းပြည်များက အဖြစ်မှန်ကို လက်ခံနေခြင်းသာ ဖြစ်သည်။ အောင့်ပြီး ပင့်သက်ရှူနေတယ်ဆိုတာကိုကော သင်တို့သိပါသလား။

ဒီတခါ အာရှတည်ငြိမ်ရေးနှင့် ငြိမ်းချမ်းရေးပျက်လို့ ကျွန်ုပ်တို့တိုင်းပြည် စစ်ထဲကန့်လန့်ကန့်လန့် ပါရလျှင် ဘယ်သူ့မှ အပြစ်မပြောနိုင်။ သန်းရွှေနှင့် အပေါင်းပါတို့၏ အမြော်အမြင်မဲ့မှု၊ အာဏာလောဘဇောတိုက်မှုကြောင့်သာ ဖြစ်ပါလိမ့်မည်။

၄။ တပ်မတော်သားအားလုံးသို့ ပန်ကြားလိုသည်မှာ

- တလက်ကိုင်တပ်မတော်အဖြစ်မှ ရုန်းထွက်ကြ။ ယခု မထွက်နိုင်လျှင် 'တပ်မတော်' ၏ သိက္ခာလုံးလုံး ကျဆုံးတော့မည်။
- အာဏာလု စစ်အုပ်စုဂိုဏ်းဂဏတိုက်ပွဲ၏သားကောင် အဖြစ်မခံကြနှင့်။ အဖြစ်ခံလျှင် အချင်းချင်း တိုက်ကြရလိမ့်မည်။
- တပ်မတော်ကို 'အာဏာနိုင်ငံရေး' အတွင်းမှ ဆွဲထုတ်ကြ။ ဆွဲမထုတ်နိုင်လျှင် တိုင်းပြည်ငါးပါးမှောက်လိမ့်မည်ဟူ၍ ဖြစ်ပါသည်။

၅။ လွတ်လပ်ရေးရချင်လို့ ကျွန်ုပ်တို့ 'တပ်မတော်' ထောင်ခဲ့သည်။ လွတ်လပ်သည့်တိုင်းပြည်တွင် 'တပ်မတော်' ရှိကို ရှိရလိမ့်မည်။ သို့သော် တိုင်းပြည်ကို ကာကွယ်ဖို့ပဲ ဖြစ်ရပါမည်။ 'အာဏာနိုင်ငံရေး' အလုပ်ထဲ မဆီမဆိုင် ဝင်ပါလျှင် တပ်မတော် ပြိုကွဲတာနဲ့ အဆုံးသတ်မည်ဟူသော အမြင်ဖြင့် ရေးပါသည်။

စစ်အေးခေတ် အတိတ်ကို အတိတ်မှာပဲ ထားခဲ့မည်ဟူသော သဘောထားဖြင့်လည်းရေးခြင်း ဖြစ်ပါသည်။